ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မိုးညိုမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## ရေကင်းကျေးရွာ၊ ရေကင်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်

မိုးညိုမြို့နယ်

မာတိကာ


၁။ နိဒါန်း ........................................ ၁

၂။ မိုးညှိုမြို့နယ်မြေပုံ ........................................

၃။ ရေကင်းအုပ်စုမြေပုံ ........................................

၄။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာခွဲများစာရင်း ........................ ၁

၅။ ကျေးရွာအခြေခံအချက်အလက်များ ........................ ၁

၆။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ........ ၂

၇။ (PSA/ PRA) အကျဉ်းချုပ်ဇယား ........................ ၂

၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် ........ ၄

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ၊ အကြောင်းအရင်းများ/အခက်အခဲများ ........

၉။ နိဂုံး ........................................ ၁၀

နောက်ဆက်တွဲပုံစံများ

၁၀။ ကော်မတီများ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .


၁၀။ ကော်မတီဝင်များစာရင်း

၁၁။ ပုံစံ စ-၁၊ ကျေးရွာအချက်အလက်

၁၂။ ပုံစံ စ-၂ စီမံကိန်းစက်ဝန်းအချိန်ဇယား


၁၃။ ပုံစံ စ-၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

၁၄။ ပုံစံ စ-၄၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်းပုံစံ



မိုးညိုမြို့နယ်မြေပုံ
N
S
ရွှေတောင်မြို့နယ်
နတ်တလင်းမြို့နယ်
ကြို့ပင်ကောက်မြို့နယ်
ရေဝတီတိုင်း
အုတ်ဖိုမြို့နယ်
မိုးညိုမြို့
မင်းလှသို့
မင်းလှမြို့နယ်
လက်ပံတန်းမြို့နယ်
ရည်ညွှန်းချက်
မြို့နယ်ရုံးစိုက်ရာမြို့
ကျေးရွာအုပ်စု
ကျေးရွာခွဲများ
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကတ္တရာ/ဂဝံ/မြေသားလမ်း
ရဲစခန်း
မြို့နယ်/တိုက်နယ်ဆေးရုံ
မြစ်/ချောင်း

# မိုးညိုမြို့နယ်၊ ရေကောင်းကျေးရွာအုပ်စု အခြေပြမြေပုံ



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## ရေကင်းကျေးရွာ၊ ရေကင်းကျေးရွာအုပ်စု

**နိဒါန်း**

၁။ မိုးညိုမြို့နယ် လူထုဗဟိုပြု စီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အတွင်းရှိ ရေကင်းအုပ်စု၊ ရေကင်းကျေးရွာ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဒေသခံပြည်သူလူထုများနှင့် ပေါင်းစပ်ပူးပေါင်းညှိနှိုင်း၍ စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာခွဲစာရင်း**

၂။ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်နှင့် (၉) မိုင်ခန့်သာ ကွာဝေးသည့် ရေကင်းကျေးရွာအုပ်စုမှ ကျေးရွာခွဲ (၈) ရွာဖြစ်သည့် သက်ကယ်တန်းကျေးရွာ၊ ရေကင်းကျေးရွာ၊ ပွဲဆိပ်ကျေးရွာ၊ ရေကင်းကျန်ကျေးရွာ၊ မင်းကြီးကျေးရွာ၊ အလယ်ရွာကျေးရွာ၊ ကျွန်းကလေးကျေးရွာနှင့် မြောက်ရွာကျေးရွာတို့နှင့် ဖွဲ့စည်းထားရှိသည့် ကျေးရွာအုပ်စုဖြစ်ပါသည်။

**ကျေးရွာအခြေခံအချက်အလက်များ**

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ကျေးရွာသမိုင်းအကျဉ်း**

ရေကင်းကျေးရွာ၏ သမိုင်းအကျဉ်းနှင့်ပတ်သက်၍ ပါးစပ်ရာဇဝင်များစွာရှိသည့်အနက် အနီးစပ်ဆုံး သမိုင်းအကျဉ်းမှာ သာယာဝတီမင်းလက်ထပ် ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်တော်ဖြင့် စုန်ဆင်း၍ တိုင်းခန်းလှည့်လည်ရာတွင် ယခုကျေးရွာအဖြစ် တည်ရှိသည့် ရေကင်းကျေးရွာတွင် ဖောင်တော် ခေတ္တရပ်နားစဉ် ရေကင်းတပ်များ ချထားသည်ကို အစွဲပြု၍ ရေကင်းကျေးရွာဟု ခေါ်ဝေါ်ခဲ့ကြကြောင်း ယေဘုယျအားဖြင့် သိရှိရပါသည်။ မိုးညိုမြို့၏ မြောက်ဘက်တွင် တည်ရှိပြီး ရေကင်းကျေးရွာအုပ်စုသည် မြောက်ဘက်တွင် ဆုံကုန်း ကျေးရွာအုပ်စု၊ တောင်ဘက်တွင် ကျွန်းညိုကျေးရွာအုပ်စု၊ အရှေ့ဘက်တွင် ငါးကယ်ကျေးရွာအုပ်စု၊ အနောက် ဘက်တွင် ဧရာဝတီမြစ် တို့ဖြင့် နယ်နမိတ်ဆက်စပ်လျှက်ရှိပါသည်။

**(ခ) ထိခိုက်လွယ်အုပ်စု**

| စဉ် | ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | အမျိုးသမီးဦးဆောင် | ၆၂ | - | ၆၂ | ၆၂ |
| ၂ | မသန်စွမ်း | ၁၅ | ၆ | ၉ | ၁၅ |

### (ဂ) အဓိကစီးပွားရေးလုပ်ငန်း

| | | | |
|---|---|---|---|
| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
| ကိုင်း | နွား | ကုန်ရောင်းကုန်ဝယ် | ရေလုပ်ငန်း |
| နှမ်း | ဝက် | ဆိုင်ကယ်ဝပ်ရှော့ | လယ်သမား |
| ပဲမျိုးစုံ | ကြက် | | ပန်းရံ |
| မိုးစပါး | | | |

### (ဃ) ကျေးရွာရှိ အသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း/ ဆေးရုံ | အလက/ အထက | ဈေး | ဘုန်းကြီး ကျောင်း |
|---|---|---|---|---|
| အရေအတွက် | ၁ | ၁ | ၁ | ၃ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေး အရင်းအမြစ်ပြမြေပုံ (Social Map, Resource Map) | ၇-၃-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၁၂၇ | ၈၆ | ၂၀၄ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ မြစ်ချောင်းများ၊ရေတွင်း ရေကန်များ၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၇-၃-၂၀၁၇ | ချမ်းသာ၊ အလယ် အလတ်၊ သာမန် | ၁၂၇ | ၈၆ | ၂၀၄ | ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများကို ကျေးရွာ သားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၃ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal calendar) | ၇-၃-၂၀၁၇ | ကော်မတီဝင်၊ အမျိုးသား၊ အမျိုးသမီး များ | ၁၂၇ | ၈၆ | ၂၀၄ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စား လုပ်ငန်းများ၊ မွေးမြူရေး၊ ကျန်းမာရေးနှင့်ပွဲတော်များ၊ ဝင်ငွေ/ထွက်ငွေများ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၄ | ပြဿနာသစ်ပင် **(Problem Tree)** | ၇-၃-၂၀၁၇ | အမျိုးသား/ သမီး ကော်မတီဝင်များ | ၁၂၇ | ၈၆ | ၂၀၄ | ကျေးရွာဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသော အဓိကပြဿနာကိုဖော်ထုတ်ခြင်း၊ ဖြေရှင်းရန်နည်းလမ်းရှာခြင်း။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် **(Spider Web)** | ၇-၃-၂၀၁၇ | အမျိုးသားများနှင့်အမျိုးသမီးများ | ၁၂၇ | ၈၆ | ၂၀၄ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့် အားနည်းချက်၊အားသာချက်များ |
| ၆ | အဖွဲ့အစည်း ချိတ်ဆက်ပုံ **(Venn Diagram)** | ၇-၃-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ စီ/ထောက် | ၁၂၇ | ၈၆ | ၂၀၄ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့်ပြင်ပအဖွဲ့အစည်းများသို့ မည်သို့ |
| ၇ | အမျိုးသားများ အခက်အခဲ | ၇-၃-၂၀၁၇ | အမျိုးသားများ | ၁၂၇ | ၈၆ | ၂၀၄ | ကျေးရွာဖွံ့ဖြိုးရန်အတွက် ရင်ဆိုင်နေရသော အခက်အခဲများ |
| ၈ | အမျိုးသမီးများ အခက်အခဲ | ၇-၃-၂၀၁၇ | အမျိုးသမီးများ | ၁၂၇ | ၈၆ | ၂၀၄ | ကျေးရွာဖွံ့ဖြိုးရန်အတွက် ရင်ဆိုင်နေရသော အခက်အခဲများ |
| ၉ | နောင်(၅)နှစ်အတွက် ကျေးရွာ၏မျှော်မှန်းချက်များ | ၇-၃-၂၀၁၇ | ကျေးရွာရှိ အမျိုးသား/ သမီးများ | ၁၂၇ | ၈၆ | ၂၀၄ | ကျေးရွာ၏ စိတ်ကူးအိမ်မက်များအား ပုံဖော်ဆွေးနွေးမှုများပြုလုပ်ခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာ၏ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ | အိမ်ထောင်စု အရေအတွက် | မှတ်ချက် |
|---|---|---|---|
| အဆင်ပြေသော မိသားစု | အိမ်အခြေအနေ - အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး၊ တိုက်<br>မြေယာပိုင်ဆိုင်မှု -<br>အခြားပိုင်ဆိုင်မှု - ခြွေလှေ့စက်၊ကား၊ထော်လာဂျီ၊ ရေစုပ်စက် ဆိုင်ကယ်၊ နွား | ၅၀ | |
| အလယ်အလတ် မိသားစု | အိမ်အခြေအနေ - သွပ်မိုး၊ ပျဉ်ကာ<br>မြေယာပိုင်ဆိုင်မှု -<br>အခြားပိုင်ဆိုင်မှု - နွား၊ ဆိုင်ကယ်၊ တီဗွီ | ၁၆၂ | |
| သာမန်မိသားစု | အိမ်အခြေအနေ-ဝါးအိမ်<br>မြေယာပိုင်ဆိုင်မှု- မရှိ<br>အခြား - စက်ဘီး | ၁၅၀ | |

## (ခ) ကျေးရွာလူမှုရေးပြ မြေပုံနှင့် သုံးသပ်ချက်




**သုံးသပ်ချက်**


**လူနေထိုင်မှုပုံစံ ။** ။ စီးပွားရေးအဆင့် (၃) ဆင့်ရှိပြီး ချမ်းသာသော မိသားစုအိမ်ထောင်စု (၅၀)၊ အလယ်အလတ် မိသားစု အိမ်ထောင်စု (၁၆၂) စုနှင့် သာမန်မိသားစု အိမ်ထောင်စု (၁၅၀) အိမ်ရှိပြီး ဗမာ လူမျိုးများ စုစည်းနေထိုင်ကြပါသည်။ အိမ်အများစုမှာ သစ်သားအိမ်များ ဖြစ်ကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး ။** ။ ရေကင်းရွာ၏ လမ်းပန်းဆက်သွယ်ရေးမှာ များသော အားဖြင့် မိုးညို-ရေကင်း လမ်းမှာ သွားလာရန် အဆင်ပြေမှုရှိသော်လည်း ကျေးရွာအတွင်းရှိ ရွှံ့ပြည့်စိုး လမ်းမှာ မိုးတွင်းကာလတွင် ဒေသခံပြည်သူများ နှင့် ကျောင်းသားကျောင်းသူ များ သွားလာရန် ခက်ခဲသောကြောင့် ကျောင်းသား/ကျောင်းသူများ၏ ပညာရေးအား ရှေးရှု၍ ၎င်းရွှံ့ပြည့်စိုးလမ်းအား ပြင်ဆင်သင့်ကြောင်း သုံးသပ် ရပါသည်။

**ကျန်းမာရေး ။** ။ ကျန်းမာရေးအနေဖြင့် ရေကင်းတိုက်နယ်ဆေးရုံရှိသည့်အတွက် အခက်အခဲ မရှိနိုင်ပါ။

**အခြား** ။ ။ ဘုန်းတော်ကြီးကျောင်း (၃) ကျောင်း၊ ရဲစခန်း၊ ဈေး၊ စာကြည့်တိုက်၊ အရန်မီးသတ်၊ ဓမ္မာရုံ၊ အုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ကားဂိတ်တို့ ရှိပါသည်။

## (ဂ) ရာသီခွင်ပြပြက္ခဒိန်နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**ရာသီဥတု** ။ ။ တန်ခူး၊ ကဆုန်လများတွင် နေပူ၍ နယုန်လမှ တော်သလင်းလအထိ မိုးရွာသွန်းသော လများဖြစ်ပြီး သီတင်းကျွတ်လတွင် နေအသင့်အတင့်ပူပြီး မိုးအနည်းငယ်ရွာသွန်းတတ်သည်။ တန်ဆောင်မုန်းလမှ တပေါင်းလအထိ ပွင့်လင်းရာသီဖြစ်ပါသည်။ သို့ပါ၍ စီမံကိန်းလုပ်ငန်းများအား သီတင်းကျွတ်လမှစ၍ လုပ်ကိုင်သင့်ပါသည်။

**စိုက်ပျိုးရေး** ။ ။ စိုက်ပျိုးရေးအနေဖြင့် စပါး၊ နှမ်း၊ ပဲများအား ရာသီအလိုက် လူအနည်းစုသာ စိုက်ပျိုးကြပြီး တစ်ပိုင်တစ်နိုင် အိမ်ထွက်သီးနှံများသာ စိုက်ပျိုးကြသည်။ လူအများစုမှာ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဈေးအရောင်းအဝယ်သမားများသာ ဖြစ်သည်။

**မွေးမြူရေး** ။ ။ မွေးမြူရေးအနေဖြင့် စိုက်ပျိုးရေးအတွက် နွား၊ ကျွဲများမွေးမြူကြကြီး ကြက်၊ ဝက် များအား တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။

**ရေလုပ်ငန်း** ။ ။ ရေလုပ်ငန်းအနေဖြင့် ငါး၊ ပုဇွန် မွေးမြူရေးလုပ်ငန်းများအား မိုးကာလများတွင် မွေးမြူကြပါသည်။

**ကျန်းမာရေး** ။ ။ မိုးကာလများတွင် ခြင်အန္တရာယ်ကြောင့် သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားတတ်သောကြောင့် ကာကွယ်ဆေးများနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများ ရှာထားသင့်သည်။

**လမ်းပန်းဆက်သွယ်ရေး** ။ ။ နွေရာသီကာလတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းမရှိပါ။

**ပွဲတော်** ။ ။ တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ တော်သလင်းလတွင် လှေပြိုင်ပွဲ၊ သီတင်ကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပို့တွဲလတွင် ထမနဲပွဲ၊ တပေါင်းလတွင် ဘုရားပွဲများ ကျင်းပကြသည်။

**ဝင်ငွေ/ထွက်ငွေ** ။ ။ ဝင်ငွေ၊ ထွက်ငွေများအနေဖြင့် အရောင်းအဝယ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများသောကြောင့် ဝင်ငွေ၊ ထွက်ငွေ အနိမ့်အမြင့်ရှိပါသည်။

## (ဃ) အမျိုးသား/အမျိုးသမီးများ တင်ပြသော ပြဿနာသစ်ပင်နှင့် ဖြေရှင်းနည်းလမ်း



**သုံးသပ်ချက်**

လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောကြောင့် ကျေးရွာနေ လူထုများ သွားလာရန် ခက်ခဲခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရာတွင် အခက်အခဲဖြစ်ခြင်း၊ အရေးပေါ် အခြေအနေတစ်ရပ် ပေါ်ပေါက်လာပါက သွားလာပို့ဆောင်ရန် ခက်ခဲခြင်း၊ အရောင်းအဝယ် နှောင့်နှေးမှုများကြောင့် စီးပွားရေး နောက်ကျခြင်း၊ သတင်းအချက်အလက် ရရှိရန် နှောင့်နှေးခြင်းတို့ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုအား နှောင့်နှေးစေပါသည်။ ထို့ကြောင့် လမ်းပြုပြင်ရေးမှာ ကျေးရွာ၏ အရေးကြီးဆုံး ဖြစ်ပါသည်။

**ကျေးရွာပြင်ပ အဖွဲ့အစည်းများ**

ရေကင်းကျေးရွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ရဲစခန်း၊ ပညာရေးဌာန၊ သ/မ ဌာနများနှင့် ပံ့ပိုးဆောင်ရွက်မှုရှိပြီး ကျေးရွာသားများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်မှု အကူအညီ တောင်းခံမှုများမှာ လိုအပ်နေပါသေးသည်။

**၇။ ပြဿနာအခက်အခဲများ**

**အမျိုးသားများ ကြုံတွေ့နေရသော အခက်အခဲများ**

- လမ်းအခက်အခဲ (ရွှေပြည်စိုးလမ်း)
- ဈေးအတွင်းလမ်းမကောင်းခြင်း၊
- ရေကင်း-ပွဲဆိပ်လမ်း မကောင်းခြင်း၊
- အထက ရဲစခန်းဘေး- တရုတ်တန်းလမ်း မကောင်းခြင်း၊
- ရေပွှန်လိုအပ်ခြင်း

**၈။ အမျိုးသမီးများ ကြုံတွေ့နေရသော အခက်အခဲများ**

- လမ်းအခက်အခဲ (ရွှေပြည်စိုးလမ်း)၊ ဈေးအတွင်းလမ်းမကောင်းခြင်း
- ရေ အခက်အခဲ - ရေပွှန်ပေါက်မရှိခြင်း
- မီး အခက်အခဲ

**၉။ နောင် (၅) နှစ်အတွက် ကျေးရွာ၏ မျှော်မှန်းချက်များ**

- တစ်ရွာလုံးမှ လမ်းအားလုံး ကွန်ကရစ်ခင်းရန်၊
- (၂၄) နာရီ မီးလင်းရန်
- အဆင့်မြင့် ဈေးတစ်ခု တည်ဆောက်ရန်
- ရေပွှန် (၁၀) ခု တည်ဆောက်ရန်
- မီးဘေးအန္တရာယ်အတွက် လိုအပ်သော ပစ္စည်းများ ရရှိရန်။

**နိဂုံး**

မိုးညှင်းမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ ရေကင်းအုပ်စု၊ ရေကင်း ကျေးရွာ စီမံကိန်း ပထမနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းခွဲအား သတ်မှတ်အတိုင်းအတာ၊ အရည်အသွေး ပြည့်မီအောင် ဒေသခံကျေးရွာလူထုနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရေကောင်းကျေးရွာ စီမံကိန်း ပထမနှစ်တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ဆောင်မည့် စီမံကိန်းလုပ်ငန်းခွဲဖြစ်သည့် ရွှေပြည်စိုးလမ်း၏ မူလအနေအထား မှတ်တမ်းဓါတ်ပုံ






ရေကောင်းကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၏ မှတ်တမ်းဓါတ်ပုံ



စုပေါင်း၍ပျော်ရွှင်စွာ ဂိမ်းကစားနေမှု မှတ်တမ်းဓါတ်ပုံ



ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း မှတ်တမ်းဓါတ်ပုံ



ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း မှတ်တမ်းဓါတ်ပုံ



အမျိုးသားအဖွဲ့များ ပင့်ကူအိမ် ရေးဆွဲသုံးသပ်နေမှု မှတ်တမ်းဓါတ်ပုံ




ပြဿနာသစ်ပင်ရေးဆွဲနေသော အမျိုးသမီးအဖွဲ့များ၏ မှတ်တမ်းဓါတ်ပုံ



ဆရာ ဦးရှုမောင် မှ ကျား/မ ရေးရာကဏ္ဍအား ရှင်းပြနေမှု မှတ်တမ်းဓါတ်ပုံ




ရေကင်းကျေးရွာ ကော်မတီဝင်များ



# ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးမြင့်လွင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌ |
| ၂ | ဒေါ်အေးသန့်သန့် | မ | ॥ |
| ၃ | ဦးသန်းမျိုးဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ |
| ၄ | ဒေါ်အိအိဖြိုး | မ | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၅ | ဒေါ်ခင်မာအေး | မ | ॥ |
| ၆ | ဦးငွေအောင် | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၇ | ဦးမြတ်ထွေး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ |
| ၈ | ဒေါ်အေးဝင်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၉ | ဒေါ်ဝါဝါ | မ | ॥ |
| ၁၀ | ဦးမြင့်ငွေ | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ |
| ၁၁ | ဦးစောနီ | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၂ | ဒေါ်မြင့်မြင့် | မ | ॥ |
| ၁၃ | ဦးသိန်းဇော်ဝင်း | ကျား | အကြံပြုချက် ဖြေရှင်းရေး |
| ၁၄ | ဒေါ်တင်မာဝေ | မ | ॥ |
| ၁၅ | ဦးအောင်ကြီး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ခင်စန်းမေ | မ | ॥ |

# ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

<table>
<tr><td colspan="7">လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။</td></tr>
<tr><td colspan="2">ကျေးရွာခေါင်းဆောင် အမည်<br>ဦး အောင်ကျော်ဦး</td><td colspan="3">ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉-၄၂၃၈၂၀၆၆၆</td><td colspan="2">လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ကလျာလှိုင်-CF ဒေါ်သဇင်ဝင်း-TT</td></tr>
<tr><td>ပြည်နယ်/တိုင်းဒေသကြီး ပဲခူး</td><td>မြို့နယ် မိုးညို</td><td colspan="3">ကျေးရွာအုပ်စု ငရုကင်း</td><td colspan="2">ကျေးရွာ ငရုကင်း</td></tr>
</table>

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၃၆၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၃၆၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၆၄၃ | ၈၁၁ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၈၂ | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| ✓ | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☑ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြား[ရွာ]မှလာ[သူ] |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| [မှ]တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတပ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

(ကျောက်ကြမ်းလမ်း) (ကတ္တရာလမ်း) (ကွန်ကရစ်လမ်း) (မော်တော်ဆိုင်ကယ်လမ်း)

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

မြောက်ဒေသ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ၁၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေကြီး ၂၀၁၁ ကျိုးခြင်း

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လူမှု ကူညီရေးအသင်း ③ ဂေါပက ⑤
(၂) ဘုံသင်း ④ ပရိတ်သင်း

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ကျော်ဦး

လက်မှတ် နေ့စွဲ ၂၇-၁-၂၀၀၅

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ကလျာကျော်

လက်မှတ် [signature] နေ့စွဲ ၂၇-၁-၂၀၀၅

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] CF [illegible] TF | | | |
| နေ့စွဲ ၂၇-၁-၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၇.၁.၁၇ | ၂၇.၁.၁၇ | | | | — |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈.၁.၁၇ | ၂၈.၁.၁၇ | | | | — |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | — |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | — |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | — |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၃။ ဘက္ကာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ကလျာကျိုင် - CF ဒေါ်သိမ့်သိမ့်ဝင်း - TF | | | | |
| နေ့စွဲ ၂၇. ၁. ၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ဖြူး | ကျေးရွာအုပ်စု ရေကင်း | ကျေးရွာ ရေကင်း | | |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်း အခက်အခဲ - ရွာချင်းဆက် | ၁ | ရွာချင်းဆက်လမ်း |
| ၂ | မီး အခက်အခဲ | ၂ | ဈေး အသွင်းလမ်း |
| ၃ | ဈေးအသွင်းလမ်း ခက်ခဲ | ၃ | ရေကင်း - ပွဲဆိပ် လမ်း ခက်ခဲ |
| ၄ | ရေကင်း - ပွဲဆိပ်လမ်း ခက်ခဲ | ၄ | ရေမြောင်းကန် |
| ၅ | ကျေးရွာသန့်ရှင်း မရှိခြင်း | ၅ | ကျောင်းလမ်း ခက်ခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကောင်းမွန်လာစေရန် | ၁ | ရွာတွင်းလမ်းများ ကောင်းမွန်လာစေရန် |
| ၂ | ၂၄ နာရီ မီးလင်းရန် | ၂ | ၂၄ နာရီ မီးလင်းရန် |
| ၃ | ရေနုတ်ပေါက်များ ထားနိုင်ရန် | ၃ | အဆင့်မြင့် ဈေး |
| ၄ | ရေကင်း - ပွဲဆိပ်လမ်း ပြုပြင်နိုင်ရန် | ၄ | ရေကင်း ပွဲဆိပ်လမ်း ပြုပြင်နိုင်ရန် |
| ၅ | အဆင့်မြင့် ဈေး တည်ဆောက်နိုင်ရန် | ၅ | လမ်းများ ချဲ့နိုင်ရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အဝါးပင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ပြုပြင်ဖို့ လမ်းအား လမ်းပုခုံး တင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၁၃၃၆ |
| ၂ | ပြုပြင်ဖို့ လမ်းအား ရေဆင်း ခင်းခြင်း | " | | ၁၃၃၆ |
| ၃ | ရေကင်း ပွဲဆိပ် လမ်း ပြုပြင်ခြင်း | " | | ၁၃၃၆ |
| ၄ | မီးလင်းရေး | " | | ၁၃၃၆ |
| ၅ | အဆင့်မြင့် ဈေး | " | | ၁၃၃၆ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အစဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအဆောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် [signature] နေ့စွဲ ၂၇-၁-၂၀၁၇